**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း အုတ်ဖုတ်လုပ်ငန်းများလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

(က) ဝန်ထမ်းများအတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် ၊

( ခ ) မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ဆေးဗူးများအား အလုပ်သမားများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် မီးသတ်ဦးစီးဌာနသို့အကူအညီတောင်းခံ၍သင်ကြားပြသထားရန်၊

( ဂ ) လုပ်သားများ လုပ်ငန်းဆောင်ရွက်ချိန်တွင် နှာခေါင်းစည်း၊ လက်အိတ် အစရှိသော Safety Equipments များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

(ဃ) အုတ်ဖုတ်လုပ်ငန်းကြောင့် အနီးပတ်ဝန်းကျင်ရှိဒေသခံများ၏ ကျန်းမာရေး၊လူမှုရေးနှင့်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုလျော့နည်းစေရန်နှင့်အနည်းဆုံးဖြစ်စေရန်အတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆန္ဒနှင့် သဘောထားများရယူဆောင်ရွက်သွားရန်၊

( င ) အုတ်ဖုတ်ရန်အတွက် သတ်မှတ်ပေးထားသော နေရာမှသာ မြေကြီးတူးယူရန်၊

( စ ) အုတ်ဖုတ်လုပ်ငန်းကြောင့် အုတ်ဖုတ်ရန်တူးသော နေရာ၏ မြေပြင်အသွင်သဏ္ဌာန် သိသာစွာ ပြောင်းလဲခြင်းမဖြစ်စေရပါ။

(ဆ) မြေမျက်နှာသွင်ပြင် ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်သော မြေတူးယူမှုများအား ရှောင်ရှားရန်နှင့် မြေမျက်နှာပြင်ပေါ်တွင် ကျင်းချိုင့်ကြီးများ ဖြစ်ပေါ်စေနိုင်သော တစ်နေရာတည်းတွင်ကွက်၍ မြေကြီးတူးဖော်ယူမှုများအား ရှောင်ရှားရန်၊

( ဇ ) အုတ်ဖုတ်ရာမှ မီးခိုး၊ ဖွဲပြာနှင့် ညှော်နံ့များလေနှင့်အတူ နီးစပ်ရာ ကျေးရွာ၊ လူနေရပ်ကွက်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများသို့ရောက်ရှိသွားမည်ဆိုပါက အသက်ရှူကြပ်ခြင်း၊ မျက်ရည်ယိုခြင်း ၊ အမြင်အာရုံချို့ယွင်းခြင်း နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် ဒေသခံ ပြည်သူလူထုနှင့် သေချာစွာညှိနှိုင်းဆောင်ရွက်ရန်၊

( ဈ ) အုတ်များရောင်းချရန် အသုံးပြုသော မော်တော်ကားလမ်း ဘေးဝဲ/ယာရှိ လူနေရပ်ကွက်များ၊ ကျေးရွာများနှင့် မြို့များရှိ ပြည်သူလူထုအား အုတ်သယ်ကားများဖြတ်သန်းမောင်းနှင်မှုများကြောင့် အသံဆူညံ၍ ညဘက်အိပ်မရခြင်း ၊လမ်းဖုန်ထ၍ အသက်ရှူကြပ်ခြင်းနှင့် လမ်းမျက်နှာပြင်ပျက်စီးခြင်းများကြောင့် ထိခိုက်နစ်နာမှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊

(ည) မိမိတို့အုတ်ဖုတ်လုပ်ငန်းဆောင်ရွက်သည့် ဒေသပတ်ဝန်းကျင်ရှိ ကျေးလက်ပြည်သူများ၏ လိုအပ်ချက် (ဥပမာ- လမ်းဖောက်ခြင်း ၊ သာရေး ၊ နာရေး ) များကိုတတ်နိုင်သမျှပါဝင်ဆောင်ရွက်ပေးရန်၊

( ဋ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကိုဖြစ်စေသည့်ပစ္စည်းများအား သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့် အညီသတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊

( ဌ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ်နေရာတစ်ခုခု၏ပိုင်ရှင်သို့မဟုတ်လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန် ၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်း ကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရန်၊ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

( ဍ ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊

( ဎ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်။